KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

သတင်းအကျဉ်းချုပ်

ဇွန်လိုင်လ ၂၈ရက် ၂၀၁၅ ခုနှစ်/ KHRG စာအမှတ်-15-8-NB1

# အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်ဆိုင်ရာအကြမ်းဖက်ခြိမ်းခြောက်မှု ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်။ ဧပြီလ ၂၀၁၄ ခုနှစ်မှ မေလ ၂၀၁၅ ခုနှစ်ထိ

*ဤသတင်းအကျဉ်းချုပ်သည် ဘ... ရွာ၊ ကျော်ခီးကျေးရွာအုပ်စု၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်တွင် ၂၀၁၄ ခုနှစ် ဧပြီလနှင့် ၂၀၁၅ ခုနှစ်မေလအတွင်းဖြစ်ပွားခဲ့သော အဓမ္မပြုကျင့်ခြင်းနှင့် ခြိမ်းခြောက်မှုကို တင်ပြထားခြင်းဖြစ်သည်။ ဘ... ရွာမှ နော်အ... အမည်ရှိသော၊ အသက် ၁၇ နှစ်အရွယ်ရှိ အမျိုးသမီးငယ်တစ်ဦးသည် သူမ ၁၆ နှစ် အရွယ်မှစ၍ ကလေးနှစ်ယောက်ဖခင် အသက် ၂၆ နှစ်အရွယ်ရှိသော စောဖာကျော်အဲ့ အမည်ရှိ ရွာသားတစ်ဦး၏ အဓမ္မ ပြုကျင့်ခြင်းကို ခံခဲ့ရပြီး နောက်ပိုင်းတွင်ကိုယ်ဝန်ရရှိခဲ့ပါသည်။ နောက် နော်အ... ၏ဖော်ပြချက်အရ စောဖာကျော်အဲ့သည် သူမ၏မွေးစားအကိုနှင့် မွေးစားအမေတို့ အလုပ်သွားချိန်တွင် နေအိမ်သို့ ဝင်ရောက် အဓမ္မပြုကျင့်ခြင်း ဖြစ်သည်ဟု ဆိုပါသည်။ နော်အ... သည် သူမတွင် ကိုယ်ဝန်ရှိသည်ဟု သိလိုက်ရချိန်တွင် သူမသည် ကျေးရွာလူကြီးများအား တိုင်ကြားခဲ့သည်။ သို့သော် ကျေးရွာလူကြီးများသည် နော်အ... တွင် ဦးနှောက်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိသည်ဟု နားလည်သိထားသည့်အလျောက် သူမ၏ တင်ပြချက်ကို သိပ်အလေးမထားဘဲ နေခဲ့သည်။ စောဖားကျော်အဲ့သည် သူ၏လုပ်ရပ် အတွက်တာဝန်မယူခဲ့ပါ။ သူ၏လုပ်ရပ် မဟုတ်ပါကြောင်းလည်း အကြိမ်ကြိမ် ငြင်းဆိုခဲ့သည်။ စောဖားကျော်အဲ့မှနေ၍ အဓမ္မပြုကျင့်သူမှာ နော်အ... ၏ မွေးစားအကိုစောစ... ဖြစ်သည်ဟုလည်း ပြောခဲ့သည်။ ဤသတင်းအကျဉ်းချုပ်တွင် နော်အ... အပေါ် ရွာသားများ၏ ထင်မြင်ချက်နှင့် ဖြစ်ရပ်ပြီးနောက် သူမ၏ မွေးစားမိသားစုမှ ဖြစ်ရပ်အပေါ် လုပ်ဆောင်ချက်များကို ဖော်ပြထားပေးပါသည်။ ၂၀၁၅ ခုနှစ်ကုန်တွင် ယင်းပြစ်မှုအား ပြန်လည် အမှုဖွင့်ပြီး ပြစ်မှုဆိုင်ရာ စုံးစမ်းစစ်ဆေးရေးများ စတင်ခဲ့သည်။ ကရင်အမျိုးသမီး အစည်းအရုံး (KWO)နှင့် ကျေးရွာအုပ်စုလူကြီးများမှ ၂၀၁၅ခုနှစ် မေလ အကုန်တွင် ဤအမှုအား ပြန်လည် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး၊ ယခု လက်ရှိတွင် ၄င်းအမှုအား ရှေ့ဆက်၍ စုံစမ်းစစ်ဆေးရေးများလုပ်ဆောင်ရန် ကရင်အမျိုးသားရဲအဖွဲ့ (KNPF) ထံလွှဲပြောင်းပေးခဲ့ပြီး ဖြစ်သည်။* [1]

[1]ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြား ပေးထားသော ဖာပွန်ခရိုင်ရှိ ဒေသခံ အဖွဲ့ဝင် ထံမှ ရရှိသော သတင်းအချက်အလက်များအပေါ် အခြေခံကာ သတင်းအကျဉ်းချုပ်အား KHRG ရုံးဝန်ထမ်းများမှ စုဆောင်းတင်ပြထားပါသည်။ KHRG ၏ နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည် အရှေ့ပိုင်းရှိ ရွာသူရွာသားများ၏ အမြင်ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာသူများထံမှာ ရရှိသည့် သတင်းများအားလုံးကို လုပ်ငန်းစဉ်အတိုင်း ဘာသာ ပြန်လုပ်ဆောင်ပြီးနောက် ပြစ်မှု ကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဝက်ဘ်ဆိုဒ်တွင် တင်ပြ ထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့်ပတ်သက်သော အခြားသောအကြောင်းအရာများအားဆက်လက်ဖတ်ရှုရန် ကျေးဇူးပြု၍ အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင်ဖက်ရှုပါ။

၂၀၁၄ ခုနှစ် ဧပြီလ ၁၂ရက်နေ့တွင် ဘ… ကျေးရွာ၊ ကျော်ခီးကျေးရွာအုပ်စု၊ ကော့ကရိတ်မြို့နယ်၊ ဒူးပလာယာခရိုင်နေ အသက် ၁၆ နှစ်အရွယ်ရှိသော အမျိုးသမီးငယ်တစ်ဦးသည် ကလေးနှစ်ယောက်အဖေ စောဖာကျော်အဲ့၏ အဓမ္မပြုကျင့်ခြင်းကို ခံခဲ့ရပြီးနောက် ကိုယ်ဝန်ရရှိလာခဲ့ပါသည်။ နော်အ… သည် ယခုလက်ရှိအချိန်တွင် အသက် ၁၇ နှစ်ရှိပြီး အဓမ္မပြုကျင့်ခြင်း ခံရပြီးနောက်ပိုင်းတွင် ကလေးတစ်ယောက် ရလာခဲ့သည်။ စောဖာကျော်အဲ့မှ ယင်းဖြစ်ရပ်အတွက် တာဝန်ယူပေးခြင်းမရှိသော်လည်း နောက်အ… သည် သူမကိုယ်ဝန်ရှိသည်ဟု သိလိုက်ရပြီးနောက် ဖြစ်ကြောင်းကုန်စင်အား ကျေးရွာလူကြီးများထံသို့ တင်ပြခဲ့သည်။ ရွာလူကြီးများသည် နော်အ…အား ဦးနောက်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိသူ တစ်ဦးဖြစ်သည်ဟု သိရှိနားလည်ထားသည်နှင့်အညီ သူမ၏ ဖြစ်ရပ်အပေါ်တင်ပြချက်များအား အလေးနက်ထား ဖြေရှင်းပေးခြင်းမရှိခဲ့၍ ထိုအမှုသည်ပြီးပြတ်ခြင်းမရှိခဲ့ပါ။ နောက်ပိုင်းတွင် ထိုအမှုအား ကရင်အမျိုးသမီးအဖွဲ့မှ ပြန်လည် အမှုဖွင့်ခဲ့ပြီး ယခုလက်ရှိတွင် ဆက်လက်၍ စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်နေဆဲ ဖြစ်သည်။

ဤအဓမ္မပြုကျင့်ခြင်းအမှုသည် နော်အ…၏ နေအိမ်တွင်ဖြစ်ပွားခဲ့ပြီး တရားခံ၏ ဖွင့်ဆိုချက်အရ ကလေး နှစ်ယောက် ဖခင် အိမ်ထောင်သည် စောဖားကျော်အဲ့မှ ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။ နော်အ… ၏ ဖွင့်ဆိုချက်အရ သူမသနပ်ခါးလိမ်းနေချိန်တွင် သူက အဓမ္မဝင်ရောက်ပြုကျင့်ခြင်းဖြစ်သည်ဟု ဆိုပါသည်။ သူမကို အဓမ္မပြုမီ သူမအနေနှင့် သူမ၏မိခင်နှင့်တိုင်ကြားမည်ဟု သူ့အားပြောခဲ့သော်လည်း နော်အ… ၏ တင်ပြချက်အရ ဖားကျော်အဲ့က "နင်အော်ရင်နင့်ကိုဓားနဲ့ထိုးမယ်" ဟုဆိုပါသည်။ သူမသည် "နင်ငါ့ကိုအဓမ္မပြုကျင့်ရင် ငါဗိုက်ကြီးမယ်" ဟုဆိုပြီး ရပ်တန့်ရန်ပန်ကြားခဲ့သည်။ သို့သော် ဖားကျော်အဲ့မှ "ရတယ် နင်ဗိုက်ကြီးမှာမဟုတ်ဘူး" ဟုပြန်ဆိုပါသည်။ ထိုကဲ့သို့ အဓမ္မပြုကျင့်ပြီးနောက် နော်အ… ၏ မွေးစားအကိုနှင့် မွေးစားမိခင်တို့ အိမ်ပြန်ရောက်ချိန်တွင် ဖားကျော်အဲ့သည် ဧည့်ခန်း၌ လဲလျောင်းနေခဲ့သည်။ ထိုအချိန်တွင် သူတို့သည် စောဖားကျော်အဲ့အား အိမ်၏ ဧည့်ခန်းတွင် လဲလျောင်းနေသည်ကိုတွေ့ခဲ့ရပါသည်။ သို့သော်သူတို့သည် စောဖားကျော်အဲ့မှ နော်အ… အား လွန်ခဲ့သည့် အချိန်တို အတွင်းကပင် အဓမ္မပြုကျင့်ခဲ့သည်ကို မသိကြပါ။ နော်အ…၏ ဖော်ပြချက်အရ စောဖားကျော်အဲ့သည် သူမအား အဓမ္မပြုကျင့်ခဲ့ချိန်တွင် အရက်မမူးခဲ့ပါ။ သူမဖော်ပြသည်မှာ ဤကဲ့သို့ စောဖားကျော်အဲ့သည် သူမအားအဓမ္မပြုကျင့်ခဲ့သည်မှာ သုံးကြိမ်တိုင်တိုင်ရှိခဲ့ပြီးဖြစ်သည်။ ထိုသူသည် သူမ၏မွေးစားအကိုနှင့် အမေတို့အလုပ်သွားချိန်များမှာလည်း အဓမ္မပြုကျင့်ရန်အကြိမ်ကြိမ်ကြိုးပမ်းခဲ့သည်။ သို့သော်သူမသည် ထိုသူမရောက်ခင် ကြိုးစားရှောင်ပြေးခဲ့သည်။ သူမအနေနှင့် ပထမအကြိမ် အဓမ္မပြုကျင့်ခံရချိန်တွင် သူမသည်ရှက်ကြောက်၍ မည်သူ့ကိုမျှမဖွင့်ပြောဘဲတိတ်တဆိတ်နေခဲ့သည်။ အဓမ္မပြုကျင့်မှု အခါများလာသည်နှင့်အညီ သူမ၌ ကိုယ်ဝန်ရရှိခဲ့သည်။ ထို့နောက်သူမသည် ဖြစ်ကြောင်းကုန်စင်အား သူမ၏ အမေအားသာဖွင့်ပြောခဲ့သော်လည်း သူမ၏အမေနှင့် အခြားသော ရွာသားများသည် ထိုအကြောင်းအရာများအားသိရှိပြီး စောဖားကျော်အဲ့အား မေးမြန်းသောအခါ စောဖားကျော်အဲ့မှ သူမဟုတ်ကြောင်း ငြင်းဆိုခဲ့ပြီး သူက နော်အ…သည် သူ့အားသိပ်ကွာကျအောင် လုပ်သည်ဟုဆိုကာ နော်အ…၏ ဦးခေါင်းအား အိမ်တိုင်ဖြင့် တိုက်မည်ဟုလည်း ခြိမ်းခြောက်ပြောဆိုခဲ့သည်။ ဖားကျော်အဲ့၏ ပြောချက်အရ နော်အ…သည် သူနှင့် တစ်အိမ်တည်းနေသော သူမမွေးစားအကို၏ အဓမ္မပြုကျင့်မှု ခံခဲ့ရသည်ဟုဆိုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ကွင်းဆင်းလုပ်သားတစ်ဦးသည် ဤသတင်းအား ကြားသိရသောအခါ ရွာသူကြီးများမှ ထိထိရောက်ရောက် ကူညီလုပ်ပေးဆောင်ခြင်း မရှိသည့်အတွက် ကျေးရွာအုပ်စုဥက္ကဌများအား တိုင်ကြားခဲ့သည်။ နောက်ပိုင်းတွင်သူတို့သည် ကရင်အမျိုးသမီးအဖွဲ့အစည်းအား ဖြစ်ရပ်အပေါ် စုံစမ်းစစ်ဆေးခြင်းများ

ပြုလုပ်ရန်တောင်းဆိုခဲ့သည်။ ကွင်းဆင်းလုပ်သား၏ တင်ပြချက်အရ နော်အ... သည် ယခုအချိန်တွင် နို့ဖိုးဒုက္ခသည်စခန်း၌ သူမ၏အဓမ္မပြုကျင့်ခံရမှုနှင့် မီးဖွားပြီးကာလအတွက် ဆေးဝါးကုသမှု ခံယူလျက်ရှိပြီး ဖြစ်ရပ်အား ကရင်အမျိုးသမီးအဖွဲ့အစည်းမှတဆင့် ကရင်အမျိုးသား ရဲတပ်ဖွဲ့အား ရှေ့ဆက် စုံစမ်းစစ်ဆေးခြင်းများ ဆက်လက်ပြုလုပ်ရန်လွှဲအပ်ခဲ့သည်။

နော်အ... မွေးစားမိခင်၏ တင်ပြချက်အရ "*ကျွန်မ နော်အ... ကို မွေးစားလာတာ ဟိုး သူမနှစ်နှစ်သမီးအရွယ်ကတည်းက၊ သူ့မိခင်အရင်းကဆုံးသွားပြီး သူ့ဖခင်အရင်းကထိုင်းနိုင်ငံမှာဖြစ်တယ်။ သူမပထမဆုံးအဓမ္မပြုကျင့်ခံရတုန်းက အသက် (၁၆) နှစ်ပဲရှိသေးတယ်။ သူမက အခက်အခဲအမျိုးမျိုးကြားထဲက ကြီးလာတာဖြစ်တယ်၊ သူမငယ်ငယ်တုန်းက သူမကိုမမွေးစားခင် သူမအနိုင်ကျင့်ခံခဲ့ရတယ်၊ ချိတ်ဆွဲထားခြင်းခံခဲ့ရတယ်။ ပြီးတော့ရေထဲပစ်ချတာလည်းခံခဲ့ရတယ်။ တစ်ကိုယ်လုံးလည်းနံစော်နေတာပဲ။ ပြီးတော့ဗိုက်တစ်လုံးပဲရှိတယ်။ သူမိခင်အရင်း ကျွန်မကို ပြောတာကတော့ သူ့ကိုဖုတ်ဂင်ပူးနေပြီး ညဘက်လည်း တစ်ယောက်ထဲ အပြင်ထွက် အစာလိုက်ရှာစားတယ်။ ကျွန်မသူ့ကိုအိမ်ပြန်ခေါ်သွားတယ်။ ပြီးတော့သူ့ကိုထမင်းတဂါကြီးကျွေးလိုက်တယ်။ ဘာဖုတ်ပူးတဲ့ပုံစံမှလည်းမတွေ့ဘူး။ သူ့ကိုကျွေးမွေးစောင့်ရှောက်လာတာဟိုး သူမငယ်ငယ်လေးတည်းက။ အခက်အခဲတွေအမျိုးမျိုးပဲကြုံခဲ့ရတယ်။ အခုသူကြီးလာတော့အဓမ္မပြုကျင့်တာခံရတယ်။ ကျွန်မစိတ် နည်းနည်းမှမကောင်းဘူး။*" နော်အ...၏ မိခင်ပြောကြားချက်အရ အဓမ္မပြုကျင့်မှုနှင့် ပတ်သတ်၍ နော်အ... အနေနှင့် ထောက်ပံ့မှုမရရှိကြောင်းနှင့် နော်အ... အား ဒုက္ခသည်စခန်းတွင် ဆေးကုသမှုခံယူစဉ်တွင် နို့ဖိုးကရင်အမျိုးသမီးအဖွဲ့မှ ထောက်ပံ့ကူညီခြင်းမှအပ မည်သည့် အကူအညီမှမရရှိပါ။



*အထက်ပါပုံသည်စောဖားကျော်အဲ့အားဖြင့်အဓမ္မပြုကျင့်ခံခဲ့ရသောနော်အ... အပုံဖြစ်ပါသည်။ နောအ... သည်ရွာ သူကြီးနှင့်တကွ အခြားသောကျေးသူရွာသားများအာဖြင့် ငှင်းဦးနောက်ချွတ်ယွင်းသူ အသက်မပြည့်သေးသောမိန် ကလေးတစ်ဦးအဖြစ်သိရှိထားကြသည်။ နော်အနှင့်တွေ့ ဆုံခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့မှကွင်းဆင်းလုပ်သားက နော်အ... သည်ဦး နောက်ချွတ်ယွင်းသူတစ်ဦး မဟုတ်ပါဟုယုံကြည်သည်။ အခင်းဖြစ်ပွာစဉ်ကနော်အ... သည်အသက် ၁၆ နှစ်ရှိခဲ့သည်။ သူမသည် ဒူးပလာယာခ ရိုင်၊ ကော့ကရိတ်မြို့နယ်ဘ... ရွာတွင်နေထိုင်သည်။ [ဓာတ်ပုံ : KHRG]*

သူမ၏မွေးစားမိခင်သည် စောဖားကျော်အဲ့၏ အစ်မနှင့် တွေ့ဆုံပြီး သူမ၏အကြောင်းအား ပြောကြားခဲ့ပါသည်။ စောဖားကျော်အဲ့၏ အစ်မ ထွက်ဆိုသည်မှာ "*ဒီအကြောင်းကို ငါ့မောင်လေး ပြန်လာတဲ့အခါကျရင် ငါ့မောင်လေးနဲ့ ပြောကြည့်ကြည့်မယ်။ သူ မဟုတ်ဘူး ပြောလို့ကတော့ နော်အ... ကို သွားပောက်ပစ်မယ်*" နော်အ... ရဲ့ မိခင်မှ ပြန်ပြောပြသည်မှာ "*နောက်တစ်နေ့တော့ စောဖားကျော်အဲ့ရဲ့ အစ်မကပြောတယ်။ ငါဆေးဆရာ စောဟ... နဲ့သွားတွေ့မယ် ပြီးတော့ကျားတံဆိပ် ဆေးယူလာခဲ့မယ် လို့ပြောတယ်။ ပြီးတော့ သူမက နော်အ...ကို အဲဒီဆေးပြန်တိုက်ဖို့*

*ပြောတယ်။ ကျွန်မကပြန်ပြောတယ်။ ကျွန်မသူ့ကိုဒီဆေးမတိုက်ရဲဘူး။ သူ့အစ်မကပြန်ပြောတယ်။ ဒါကကလေး ဖျက်ချဖို့အတွက်ဖြစ်တယ်။ ဘာဆိုးကျိုးမှ မရှိဘူး။ ပြီးတော့ကျွန်မကပြန်ပြောတယ် ကလေးကဗိုက်ထဲမှာလှုပ်နေပြီး ကျွန်မမတိုက်ရဲဘူး။"*

ကရင်လူ့အခွင့်အရေးအဖွဲ့ဝင် ကွင်းဆင်းလုပ်သား၏ ဖော်ပြချက်အရ ဒေသခံများသိရှိထားချက်အရ နောအ… သည် ဦးနောက်ပိုင်းဆိုင်ရာ ချို့ယွင်းသော မိန်းကလေးတစ်ဦးဖြစ်သည်။ ကွင်းဆင်းလုပ်သား၏ ယုံကြည်ချက်အရနော် အ… သည် ကြီးကြီးမားမား ဦးနှောက်ပိုင်းဆိုင်ရာ ချို့ယွင်းမှုမရှိပါ။ အဘယ်ကြောင့်ဆိုသော် သူမသည် ဖြစ်ပျက်မှုအကြောင်းအရာများအား တိကျစွာဖော်ပြနိုင်ခြင်း၊ ကောင်းစွာ ဈေးဂယ်နိုင်ခြင်းနှင့် ဈေးဂယ်ရာတွင် ပိုက်ဆံများ တိကျစွာ ကွပ်ကဲနိုင်ခြင်းတို့ကြောင့်ဖြစ်သည်။